# ယုံကြည်ခြင်း

တစ်ခါတုန်းက ဒေသတစ်ခုမှာ ရာသီဥတုဖောက်ပြန်လို့ မိုးခေါင်ပြီး အလွန်ပူပြင်းခြောက်သွေ့နေပါတယ်။ လယ်ပေါင်းများစွာ မိုးမရွာလို့ စိုက်ပျိုးရေးတွေလည်း ခက်ခဲပြီး ရပ်သူရွာသားတွေ ဒုက္ခနဲ့ရင်ဆိုင်ရပါတယ်။

အဲဒီအရပ်မှာရှိတဲ့အသင်းတော်က တနင်္ဂနွေနေ့ ဝတ်ပြုစည်းဝေးခြင်းမှာ မနက်ဖြန်ကျရင် အသင်းသားတွေ ဘုရားကျောင်းမှာစုပေါင်းပြီး မိုးရွာဖို့ရန် ယုံကြည်ခြင်းနဲ့ဆုတောင်းကြမယ်လို့ ကြော်ငြာလိုက်ပါတယ်။

နောက်တစ်နေ့မနက်ကျတော့ အသင်းသူ၊ အသင်းသား တော်တော်များများ ဘုရားကျောင်းကိုရောက်လာပြီး နေ့တစ်ဝက်လုံးလုံး အကြီးအကျယ်ဆုတောင်းကြပါတယ်။

နေ့လည်ခင်း ဆုတောင်းပြီးတာနဲ့ မိုးသားတွေတရိပ်ရိပ်တက်လာပြီး ခဏနေတော့ လယ်ပေါင်းများစွာ မိုးခေါင်နေတဲ့ဒေသဟာ အကြီးအကျယ် မိုးရွာသွန်းပါတယ်။

အသင်းသားများဟာ အံ့သြဝမ်းသာပြီး ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းကြပါတယ်။ မိုးရွာနေလို့ သူတို့အားလုံးလည်း မိုးမိပြီး ဘုရားကျောင်းထဲမှာပဲ နေနေကြပါတယ်။ ထိုအချိန်မှာ လာဆုတောင်းတဲ့အထဲက လူငယ်လေးတစ်ယောက်က သူ့အိတ်ထဲကထီးကိုထုတ်ဆောင်းပြီး မိုးရွာထဲမှာ အိမ်ပြန်သွားပါတယ်။ ကျန်တဲ့သူအားလုံးက ထိုလူငယ်လေးကိုငေးကြည့်ပြီး ကျန်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြန်မှာမိုးမိမယ်လို့ သူတို့မျှော်လင့်မထားလို့ ဘယ်သူမှ ထီးယူမလာကြပါဘူး။ ထိုလူငယ်လေးကတော့ ဆုတောင်းပြီးရင် ကျိန်းသေ မိုးရွာမယ်ဆိုတဲ့ယုံကြည်ခြင်းနဲ့ အိမ်ကထွက်လာကတည်းက ထီးယူလာပါတယ်။

ကျန်တဲ့သူအားလုံးက လာဆုတောင်းပေမယ့် ပြီးရင်မိုးရွာမယ်ဆိုတဲ့ ယုံကြည်ခြင်းမရှိပါဘူး။ လူငယ်လေးကတော့ ဆုတောင်းပြီးရင်ကျိန်းသေမိုးရွာမယ်လို့ ယုံကြည်ထားပါတယ်။

အမည်မသိစာဆို